ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၇ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃/၂၀၁၈)

| | |
|---|---|
| ဦးစိုင်းမောင် (ပိုင်ရှင်)<br>ဦးသန့်ဇင်အောင် (မန်နေဂျာ)(အလုပ်ရှင်၏အထူး<br>ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊<br>ထွန်းသစ်စကျားဖြူအထည်ချုပ်စက်ရုံ)၊<br>(Rising White Tiger Manufacturing Co.,Ltd)<br>အမှတ်(၁၆၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမျိုးမင်းလှိုင် (အလုပ်သမား)<br>ဘောစိအဆောင်၊ ဒိုက်ဦးလမ်း၊<br>(၁၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ် (၁၆၀) ရှိ ထွန်းသစ်စကျားဖြူအထည်ချုပ်စက်ရုံ (Rising White Tiger Manufacturing Co.,Ltd) ပိုင်ရှင် ဦးစိုင်းမောင်၊ ဦးသန့်ဇင်အောင် (မန်နေဂျာ/ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ) နှင့် အလုပ်သမား ဦးမျိုးမင်းလှိုင်တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှု

အမှတ် (၁၄၀/၂၀၁၇) အရ ကြားနာစစ်ဆေးပြီး ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ ဦးမျိုးမင်းလှိုင်မှ တောင်းဆိုခြင်းခံရသူ ထွန်းသစ်စကျားဖြူအထည်ချုပ်စက်ရုံ (Rising White Tiger Manufacturing Co.,Ltd) ပိုင်ရှင် ဦးစိုင်းမောင်ထံတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် အလုပ်ပြန်လည်လုပ်ကိုင်လိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ ဦးစိုင်းမောင် (ပိုင်ရှင်)မှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်ပြန်လည်ခန့်သင့်/မခန့်သင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဦးမျိုးမင်းလှိုင်အား ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ (၇)ရက်အတွင်း မူလရာထူး၊ မူလလစာ၊ မူလနေရာ၊ မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်လည်ခန့်ထားရန်နှင့် အလုပ်ထုတ်ပယ်သည့်နေ့မှစ၍ အလုပ်ပြန်လည်ခန့်ထားသည့်နေ့အထိကာလအတွက် ကြားကာလနစ်နာကြေးအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OT မပါ )နှုန်းဖြင့် တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၄၀/၂၀၁၇) ဆုံးဖြတ်ချက်အပေါ်တွင်ကျေနပ်မှုမရှိသဖြင့် ထွန်းသစ်စကျားဖြူအထည်ချုပ်စက်ရုံ (Rising White Tiger Manufacturing Co.,Ltd) ပိုင်ရှင် ဦးစိုင်းမောင်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၈)ဖြင့် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၃/၂၀၁၈)အား ကြားနာစစ်ဆေးမည့်အစိုးရကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဒေါက်တာစောယုဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးရဲကျော်သူတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ မှတ်တမ်းများ၊ တင်ပြလာသောစာရွက်စာတမ်းများ၊ အထောက်အထားသက်သေခံများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊ နှစ်ဖက်ထွက်ဆိုချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်ရေးဆွဲပြီး စိစစ်ဆုံးဖြတ်လိုက်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်သမား ဦးမျိုးမင်းလှိုင်အား အလုပ်ပြန်လည်ခန့်ထားရန် သင့်/မသင့်။

<u>တွေ့ရှိချက်</u>

၆။ အလုပ်ရှင်၏ကိုယ်စားလှယ် မန်နေဂျာ ဦးသန့်ဇင်အောင်မှ ထွက်ဆိုရာတွင် -

(က) အလုပ်သမား ဦးမျိုးမင်းလှိုင်အား အခြေခံလစာ ၄၅၀၀၀၀ိ/- နှင့် Performance ကြေး ၁၀၀၀၀၀ိ/-၊ စုစုပေါင်း ၅၅၀၀၀၀ိ/- ပေးပါကြောင်း၊ ၆-၁၀-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးပြုလုပ်ခဲ့ပြီး ဦးမျိုးမင်းလှိုင်သည် လုပ်ငန်းစွမ်းဆောင်ရည်အား မကျေနပ်သဖြင့်လည်းကောင်း၊ တာဝန်ရှိသူများမှ ၎င်းနှင့်လက်တွဲလုပ်ဆောင်ရန် အဆင်မပြေနိုင်တော့သဖြင့် ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် နှုတ်စာပေးခဲ့ကြောင်း၊ နှုတ်စာတွင် တာဝန်ရှိသူ၏လက်မှတ်မပါရှိခဲ့ပါကြောင်း၊

(ခ) ဦးမျိုးမင်းလှိုင်အား ဝန်ခံကတိလက်မှတ်ရေးထိုးထားခြင်းမရှိပါကြောင်း၊ ၎င်းအား ယခင်က လူမှုရေးအရေငုံညှာထောက်ထားခဲ့ပြီး နုတ်ဖြင့်သာသတိပေးမှုပြုခဲ့ကြောင်း၊ မိမိအနေဖြင့် HR Manager တာဝန်ကို (၉/၂၀၁၇) လပိုင်းလောက်မှစတင်တာဝန်ယူခဲ့ကြောင်း၊ အလုပ်သမားအား ဆက်လက်လက်တွဲလုပ်ကိုင်ရန် အဆင်မပြေတော့သဖြင့် အလုပ်မှထုတ်ပယ်ခဲ့သည်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့သည်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားရခြင်းဖြစ်ကြောင်း၊ အလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားခဲ့ပါလျှင်လည်း အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေးအနေဖြင့် ယခင်ကနည်းတူ ကောင်းမွန်နိုင်တော့မည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ အလုပ်ရှင်အနေဖြင့် အလုပ်သမားအား အလုပ်ပြန်လည်မခန့်ထားနိုင်ပါ ကြောင်း၊ သို့ရာတွင် ၎င်းအား ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် လုပ်သက်ဆုကြေး စုစုပေါင်း ၁,၀၀၀,၀၀၀ိ/-(ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးအပ်မည်ဖြစ်ပါကြောင်း ထွက်ဆိုတင်ပြသည်ကို တွေ့ရှိရသည်။

၇။ စက်ပြင် Super ဦးမျိုးမင်းလှိုင်မှ ထွက်ဆိုရာတွင်-

(က) ၂၉-၄-၂၀၁၇ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး၊ လစာ ၅၅၀၀၀၀ိ/- ကျပ် ရရှိပါကြောင်း၊ မိမိလက်အောက်တွင် စက်ပြင်အလုပ်သမား (၅)ဦးရှိပါကြောင်း၊ အလုပ်သမားများမှ ၎င်းတို့၏ခေါင်းဆောင်ဖြစ်သူ မိမိအား ၎င်းတို့၏အခက်အခဲနှင့် ပတ်သက်၍ ဖြေရှင်းပေးရကြောင်း၊ ၎င်းအလုပ်သမားများမှာ အလုပ်စခန့်စဉ်က လစာ

၂၀၀၀၀၀ိ/- ဖြင့် လုပ်ခလစာပေးခဲ့ကြောင်း၊ (၉/၂၀၁၇) လတွင် စက်ပြင်အလုပ်သမား များအား လစာ ၁၆၀၀၀၀ိ/- သို့ လျှော့ချပေးခဲ့သဖြင့် အလုပ်သမားများမှ မိမိအား လာပြော၍ မိမိအနေဖြင့် ရုံးခန်းသို့သွားရောက်တင်ပြခဲ့သဖြင့်လည်းကောင်း၊ မိမိ လက်အောက်ရှိ အလုပ်သမားမှ လုပ်သက်(၁)နှစ်ပြည့်သည့်အတွက် လုပ်သက်ခွင့် ရလို ကြောင်း မိမိအားလာရောက်ပြောကြား၍ မိမိမှ ရုံးခန်းသို့နောက်တစ်ကြိမ် သွားရောက် တင်ပြခဲ့သဖြင့်လည်းကောင်း ၎င်းအချက်များကြောင့် မိမိအား အလုပ်မှထုတ်ပယ်ခဲ့ သည်ဟု ထင်မြင်မိပါကြောင်း၊

(ခ) မိမိတို့စက်ရုံတွင် ပဒေသာပင်ပို့ဆောင်မည့် ကျောင်းအား အလုပ်ရှင်နှင့် အလုပ်သမား များ သဘောထားကွဲလွဲလျက်ရှိ၍ မိမိမှ ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် အလုပ်သမား များအား အစည်းအဝေးခေါ်ယူ၍ သဘောထားခံယူခဲ့ပြီး၊ အစည်းအဝေးပြီး၍ ညနေပိုင်း တွင် မိမိအား နို့တစ်စာပေးခဲ့ကြောင်း၊ နို့တစ်စာတွင် တာဝန်ရှိသူ၏လက်မှတ် တစ်စုံတစ်ရာမပါရှိကြောင်း၊ မိမိအနေဖြင့် ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ဖူးခြင်းမရှိ ကြောင်း၊ မိမိအနေဖြင့် တာဝန်ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြောင်း၊ လုပ်ခလစာ (၁၆) ရက်စာတွင် လုပ်ငန်းစွမ်းဆောင်ရည် (Performance) ကြေးအပါအဝင် ၂၉၀၀၀၀ိ/- ရရှိရမည်ဖြစ်သော်လည်း၊ အလုပ်ရှင်မှ လုပ်ငန်းစွမ်းဆောင်ရည် မကောင်းဟုဆိုကာ လုပ်ငန်းစွမ်းဆောင်ရည်ကြေး ၅၀၀၀၀ိ/- ကို နုတ်ထားပြီး မိမိအား ၂၄၀၀၀၀ိ/- သာ ပေးခဲ့ကြောင်း၊ အဆိုပါငွေအား ရယူပြီးဖြစ်ပါကြောင်း၊ အလုပ်ရှင်အနေဖြင့် မိမိအား အလုပ်ပြန်လည်မခန့်ထားနိုင်သည်တိုင် ဥပဒေအရရသင့်သည့် အလုပ်ရပ်စဲမှုနစ်နာ ကြေးနှင့် လုပ်သက်ဆုကြေးအား ပေးအပ်မည်ဆိုပါက လက်ခံမည်ဖြစ်ပါကြောင်း၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆို တင်ပြသည်ကို တွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

(က) ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်သည် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၅ နှင့်အညီ ဆုံးဖြတ်ခဲ့ ကြောင်းတွေ့ရှိရသော်လည်း အထက်ပါ အလုပ်ရှင်၊ အလုပ်သမားတို့၏ ထွက်ဆို တင်ပြချက်များအရ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့၏ လုပ်ငန်းခွင် အတွင်း ရေရှည်ဆက်ဆံရေးကိုရှေးရှုလျက် အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်စလုံး ကျေနပ်လက်ခံနိုင်မည့် ဆုံးဖြတ်ချက်တစ်ရပ်အား မိမိတို့ခုံအဖွဲ့အနေဖြင့် စဉ်းစား ဆင်ခြင်ဆုံးဖြတ်ပေးရန် ပိုမိုသင့်လျော်ကြောင်း သုံးသပ်ရရှိသည်။

(ခ) ဤအငြင်းပွားမှုတွင် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် နောင်တွင် ဤကဲ့သို့သော အငြင်းပွားမှုမျိုးမဖြစ်ပွားစေရန် စက်ရုံတွင်း အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC) ကို ဖွဲ့စည်းထားရှိရုံသာမဟုတ်ဘဲ ယင်းအဖွဲ့ဖြင့် အကောင်အထည် ဖော်ညှိနှိုင်းဖြေရှင်းသင့်ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရာတွင် အထောက်အကူပြုသည့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC)ကို အမြန်ဆုံးချုပ်ဆိုဆောင် ရွက်သင့်ကြောင်း၊ လူမှုဖူလုံရေးကြေးပေးသွင်းနေရသော အလုပ်သမားများအတွက် လူမှုဖူလုံရေးကတ်အမြန်ဆုံးရရှိရေးကို စက်ရုံအနေဖြင့် ကြိုးစားဆောင်ရွက်ပေးသင့် ကြောင်း အကြံပြုလိုပါသည်။

၈။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၂၁ (က) ပါ တာဝန်ဝတ္တရားများအရ လူမှုရေးတရားမျှတမှု (Social Justice) နှင့် သာတူ ညီမျှဖြစ်ရေးသဘောတရားများအပေါ်အခြေခံကာ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၉-၁၂-၂၀၁၇ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၁၄၀/၂၀၁၇)အပေါ် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက် အားပယ်ဖျက်၍ အလုပ်ရှင်မှ အလုပ်သမား ဦးမျိုးမင်းလှိုင်အား အလုပ် ရပ်စဲမှုနစ်နာကြေးနှင့် လူမှုကရုဏာကြေးနှစ်ရပ်ပေါင်း ၁,၀၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်း) တိတိကိုပေးစေရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၉။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေး ရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဒေါက်တာစောယုဝင်း | ဒေါက်တာသန်းဝင်း | ဦးရဲကျော်သူ |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |